RAFT

## ကိုဗစ် ၁၉ အကြပ်အတည်းကာလအတွင်း ထိခိုက်နစ်နာမှု ကင်းစွာ ဆောင်ရွက်ရေး ဆောင်ရန် ရှောင်ရန် အချက်များ

**RAFT** အဖွဲ့အစည်းမှ မြန်မာနိုင်ငံအတွင်း ရင်ဆိုင်နေရသော အကြပ်အတည်းများကို ဖြေရှင်း နိုင်ရန် မိမိတို့ လုပ်ငန်းများနှင့် တုံ့ပြန်ကူညီမှုများကို ဒေသအခြေအနေနှင့် ကိုက်ညီစွာ နိုးကြားသိမြင်စေရေး၊ မလိုလားအပ်သော ထိခိုက်နစ်နာမှုများ သို့မဟုတ် တင်းမာမှုများ မဖြစ်ပွားစေရေးနှင့် တည်ငြိမ်အေးချမ်းပြီး လက်တွဲပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရေး လုပ်ငန်းဆောင်ရွက်သည့်အဖွဲ့များ၊ အလှူရှင်အဖွဲ့အစည်းများ၊ မူဝါဒရေးဆွဲသူများနှင့် လူမှုအသိုက်အဝန်း အစုအဖွဲ့များ အတွက် အောက်ပါလမ်းညွှန်ချက်များကို ရေးသားထုတ်ပြန်လိုက်သည်။

### ဆောင်ရန်အချက်များ

1. ပြည်သူများအကြား အချင်းချင်း လက်တွဲချိတ်ဆက်လာစေရန် သို့မဟုတ် လူမှုအသိုက်အဝန်းများအဖြစ် စုစည်း ဆောင်ရွက်လာနိုင်စေရန် လိုအပ်သော လှုပ်ရှားမှု သို့မဟုတ် လုပ်ငန်းစဉ်တစ်ရပ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထိခိုက်နာကျင်စေနိုင်သည့် အခြေအနေအရပ်ရပ်ကို ထည့်သွင်းစဉ်းစားကာ ပြင်ဆင် ဆောင်ရွက်ပါ။

လူအများ အတူတကွ ပါဝင်ရန် လိုအပ်သော လှုပ်ရှားမှုများ၊ သို့မဟုတ် လူမှုအသိုက်အဝန်းများနှင့် အပြန်အလှန် ထိတွေ့ ဆောင်ရွက်မှုများသည် ရောဂါပိုး ကူးစက်ပြန့်ပွားမှု အန္တရာယ်အပေါ် ထည့်သွင်းစဉ်းစားကြည့်ပါက မိမိတို့ ရည်ရွယ် ဆောင်ရွက်လိုက်သော လှုပ်ရှားမှုများ၏ အကျိုးကျေးဇူးများနှင့် ဖြစ်ပွားလာနိုင်သော အန္တရာယ်များကို အကောင်အထည် ဖော် ဆောင်ရွက်ခြင်းမပြုမီ သတိရှိစွာ ချိန်ဆရန် လွန်စွာအရေးကြီးပေသည်။ အထူးသဖြင့် ကိုဗစ်-၁၉ သည် ကမ္ဘာတလွှား ဖြစ်ပွားနေသည့်အားလျော်စွာ မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု စနစ်အပေါ် ဖိစီးထိခိုက်နိုင်ရန် အလားအလာ များကို ထောက်ဆချိန်ထိုးကြည့်ခြင်း ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ထပ်ဆောင်း ကြိုတင်ကာကွယ်မှုများ၊ လူမှု အသိုက်အဝန်းများအတွင်း သွားလာရာတွင် တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ထိတွေ့မှု အကွာအဝေးကို ထိန်းသိမ်းလိုက်နာမှုများ ပြုလုပ်ထားစေကာမူ လက်ရှိကူးစက်မှု အန္တရာယ်များကို ခုခံတားဆီးနိုင်ရန် လုံလောက်မှု မရှိနိုင်ချေ။

2. လူမှုအသိုက်အဝန်းများနှင့် ပါဝင်သက်ဆိုင်သူများအကြား၊ အထူးသဖြင့် ကျန်းမာရေးကဏ္ဍနှင့် ဆက်စပ်၍ လက်ရှိ တည်ဆောက်ပြီးဖြစ်သော သို့မဟုတ် တည်ဆောက်ရန် လိုအပ်သော ယုံကြည်မှု၊ မျှော်လင့်ချက်နှင့် လက်တွဲ ဆောင်ရွက်မှုများအပေါ် အခြေခံဆောင်ရွက်ရန် နိုးကြားသိမြင်နားလည်မှု ရှိပါစေ။

ကိုဗစ်-၁၉ ကဲ့သို့ ကြီးမားသော ပြဿနာများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ဖော်ပြပါ (ပြည်တွင်း/ပြည်ပ domestically and internationally၊ အစိုးရနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ) အလွှာတစ်ခုချင်းစီမှ တစ်ဦးစီတိုင်း အတူတကွ လက်တွဲပူးပေါင်း ဆောင်ရွက်ရန် လိုအပ်သည်။ လက်ရှိအကြပ်အတည်းများ မှ လက်တွဲပူးပေါင်း ဆောင်ရွက်မှု ပုံစံအသစ်များ new forms of collaboration to emerge out of this crisis ပေါ်ထွက်လာရန် အခွင့်အလမ်းများစွာ ရှိသည်။ မည်သို့ပင် ဆိုစေကာမူ အချို့သော သက်ဆိုင်သူများ အချင်းချင်းကြား ယုံကြည်မှု

ကွာဟပြတ်တောက်မှုများရှိကာ ကပ်ရောဂါပြန့်ပွားမှုအပေါ် စိုးရိမ်ပူပန်မှုနှင့် စိတ်ဖိစီးမှုများကြောင့် အခြေအနေကို ပိုမိုဆိုးဝါးသွားစေနိုင်သည့် အလားအလာများလည်း ရှိနေသည်။ ကျွန်ုပ်တို့အားလုံးတွင် ကျွန်ုပ်တို့ လက်လှမ်းမီသူ မည်သူနှင့်မဆို ယုံကြည်မှု တည်ဆောက်ရန်နှင့် လက်တွဲပူးပေါင်း ဆောင်ရွက်မှုကို အားပေးတိုက်တွန်းရန် တာဝန်ရှိပေသည်။ အဓိက အဖြေထုတ်ရမည့် မေးခွန်းများမှာ - ကျွန်ုပ်တို့ လက်ရှိ ရင်းနှီးပြီးသူ များအချင်းချင်းကြား မည်ကဲ့သို့ ပေါင်းကူးဆက်သွယ်ရေး တည်ဆောက်ပေးနိုင်မည်နည်း။ စိတ်ပေါင်းကိုယ်ခွာ လူမှုဆက်ဆံရေး ကာလအတွင်း ဟောပြောဝေမျှသူ၊ ပံ့ပိုးနည်းပြသူ သို့မဟုတ် ကူညီထောက်ပံ့သူတစ်ဦးအနေဖြင့် မည်ကဲ့သို့ ဆောင်ရွက်နိုင်မည်နည်း။

အကြပ်အတည်းကာလ ဆိုသော်လည်း လူအများ (ရန်သူအချင်းချင်းကြားတွင်ပင်) အတူတကွ ပူးပေါင်းပါဝင်လာစေပြီး ယုံကြည်မှုကို တည်ဆောက်နိုင်သော အရေးကိစ္စများ အမြဲတမ်း တွေ့မြင်နိုင်သည်။ ကူးစက်ပျံ့နှံ့တတ်သော ရောဂါပိုးသည် မည်သည့်နေရာတွင်နေသည်ဖြစ်စေ၊ မည်သည့် နိုင်ငံရေး ပါတီဝင်ဖြစ်စေ၊ သို့မဟုတ် မည်သည့် လူမျိုး၊ ဘာသာဝင်တိုင်းမဆို ခံစားရနိုင်သည်။ ယင်းတို့သည် ကျွန်ုပ်တို့၏ ဘုံတူညီချက်ဖြစ်သော လူသားဆန်မှုနှင့် ထိခိုက်ဆုံးရှုံးနိုင်မှုတို့ကို အသိပေး သတိပေးအချက်ပြလျက်ရှိသည်။ ထို့အပြင် ကျွန်ုပ်တို့၏ လူမှုအသိုက်အဝန်းအတွင်း အသက်အရွယ် ကြီးရင့်သူများ၊ မသန်စွမ်းများ သို့မဟုတ် ခုခံအားကျဆင်းသူများကဲ့သို့ အန္တရာယ်ကျရောက်နိုင်မှု အမြင့်ဆုံးသူ များ၏ လုံခြုံရေးနှင့် အခြားပြည်သူများ၏ လုံခြုံရေးအတွက် ကာကွယ်ပေးရန် အသိ ပေးနှိုးဆော်နေသကဲ့သို့ ရှိသည်။

အဆိုပါ နားလည်မှုသည် အခြား အရေးကိစ္စများတွင် မြင်ရနိုင်ခြေနည်းသော နည်းလမ်းဖြစ်သည့် ပဋိပက္ခ နယ်နိမိတ်များကို ကျော်လွန်ကာ ညှိနှိုင်းဆွေးနွေးပြီး ပူးပေါင်းလက်တွဲမှုများ coordinate and cooperate across conflict lines ကို လှုံ့ဆော်အားပေးမှု ပြုနိုင်ပေသည်။ လူတိုင်း မိမိတို့မိသားစု လုံခြုံ ရေး၊ မိမိတို့ လူမှုအသိုက်အဝန်း သာယာဝပြောရေးကို လိုလားကြသည်။ ယင်း ဘုံစိုးရိမ်မှုများသည် ကိုယ်ချင်းစာတရားကို ခိုင်မာစွာ ခံစားနားလည်နိုင်ပြီး ဘုံခံစားရမှုများသည် လူအများကို ခံယူသတ်မှတ် ထားသည့် အပိုင်းအခြားများကို ကျော်လွန်ကာ အပြုသဘော ဆောင်သည့် လက်တွဲဆောင်ရွက်မှု constructively cooperate with people across perceived divisions များ ဆောင်ရွက်လာရန် လှုံ့ဆော်ပေးနိုင် သည်။

3. မိတ်ဖက် အဖွဲ့အစည်းများနှင့် လိုက်လျောညီထွေဆောင်ရွက်ပါ သို့မဟုတ် အခြေအနေရှုပ်ထွေးမှုကို နိုးကြားသိမြင်ပြီး မရှိမဖြစ် လိုအပ်ချက်များကို အကျိုးရှိစွာ ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် လိုက်လျောညီထွေ ဆောင်ရွက်နိုင်ရန် အဆိုပြုပါ။

ကိုဗစ်-၁၉ နှင့် ပတ်သက်၍ အခြေအနေများသည် လွန်စွာ လျှင်မြန်စွာ ပြောင်းလဲလျှက်ရှိသည်။ ယင်းကဲ့သို့ အပြောင်းအလဲ မြန်၍ ကြိုတင်မှန်းဆ မရနိုင်သော ပြဿနာမျိုးကို ထိရောက်စွာ တုံ့ပြန်ဖြေရှင်းနိုင်ရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်သော အဖွဲ့အစည်းများမှ ဖြစ်ပွားလျက်ရှိသည့် အကြပ်အတည်းများကို ပြင်ဆင်တုံ့ပြန် ဖြေရှင်းနိုင်ရန် ဘဏ္ဍာရေး စာရင်းဇယားနှင့် မိတ်ဖက်ချိတ်ဆက် ဆောင်ရွက်မှု ယန္တရားများ funding and partnership mechanisms allow implementing organisations to adapt, react, and respond မရှိမဖြစ် လိုအပ်သည်။ ယင်းသည် ရုံးချုပ်များ အတွက်

သဘောတူညီမှုစာချုပ်များနှင့် ငွေကြေး စာရင်းဇယားများ ပြန်လည်ပြင်ဆင်ခြင်း စသည့် အလုပ်များ အနည်းငယ် ပိုလာနိုင်သည်။ သို့သော် ယင်းသည်ပင်လျှင် အသက်များကို ကယ်တင်နိုင်ရန် လိုလျောညီထွေ ပြုရမည့် မရှိမဖြစ် လုပ်ငန်းများပင် ဖြစ်သည်။

ရှုပ်ထွေးသော အကြပ်အတည်းများအတွက် အလွှာအသီးသီးတွင် ညှိနှိုင်းဆွေးနွေးသော၊ တာဝန်ယူမှုရှိသော၊ လိုက်လျောညီထွေရှိသည့် ခေါင်းဆောင်မှုမျိုး လိုအပ်သည်။ ယူဆရသည်မှာ ကျွန်ုပ်တို့၏ တုံ့ပြန်ဖြေရှင်းမှုများသည် အစပိုင်းတွင် ကျိုးကြောင်းကိုက်ညီမှု ရှိသော်လည်း ရက်သတ္တပါတ် သို့မဟုတ် လ အနည်းငယ် အကြာတွင်မူ ကိုက်ညီမှု မရှိတော့သည့် အခြေအနေ ဖြစ်နိုင်သည်။ ပါဝင်သက်ဆိုင်သူတိုင်းသည် မိမိတို့ဆောင်ရွက်နိုင်သည့် ဆင်ခြင်သုံးသပ်နိုင်သော၊ လျှင်မြန်စွာ တုံ့ပြန်ဖြေရှင်းနိုင်သော အားပေးလှုံ့ဆော်မှု၊ ပံ့ပိုးနည်းပြမှုနှင့် ထောက်ပံ့ကူညီမှု အားလုံးကို ဆောင်ရွက်ရန် အလွန် အရေးကြီးသည်။ ပြင်ဆင်ပြောင်းလဲမှုများအတွက် ဘုံနားလည်မှုတစ်ခု တည်ဆောက်ပေးရန်ဖြစ်ပြီး လက်ရှိနှင့် အနာဂါတ်ကာလများတွင် နားလည်မှု လွဲမှားမှုများ မရှိစေရန်အတွက် ရှင်းလင်းစွာ ရေးသား ထုတ်ပြန်ရန်နှင့် သဘောတူပြီး ဖြစ်သော ပြောင်းလဲပြင်ဆင်မှုများကို မှတ်တမ်းတင်ထားရန် မုချ လိုအပ်ပေသည်။

ကမ္ဘာတလွှားမှ အတွေ့အကြုံများအရ ရှင်းလင်းစွာ မြင်ရသည်မှာ ကိုဗစ်-၁၉ အကြပ်အတည်းသည် လျှင်မြန်စွာ ဖြေရှင်းနိုင်မည် မဟုတ်ဘဲ လူမှုရေးနှင့် စီးပွားရေး ထိခိုက်ဆုံးရှုံးမှုများမှာ အချိန်ကြာမြင့်စွာ ရှိကျန်ရစ်မည်ဖြစ်သည်။ လက်ရှိဖြစ်ပေါ်လာသော လက်တွေ့အခြေအနေနှင့် လိုက်လျောညီထွေစွာ ပြုပြင်ပြောင်းလဲ ဆောင်ရွက်ခြင်းသည် အလွန် အရေးပါသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းများကို မိမိတို့ ပုံမှန်လုပ်ဆောင်နေကျအတိုင်း ဆက်လက် လုပ်ဆောင်ရန် ဖြစ်နိုင်တော့မည်မဟုတ်ဟု ဆိုလိုခြင်းဖြစ်သည်။ ရေတို အကြပ်အတည်းများကိုသာ ရင်ဆိုင်ဖြေရှင်းနိုင်ရန် ပုံဖော်ရေးဆွဲထားသော လုပ်ငန်းစဉ်များသည် မမှန်းဆနိုင်သော ရေရှည် လူမှုသက်ရောက်မှုများ သို့မဟုတ် လက်ရှိ အကြပ်အတည်းမှ ကြိုတင် မသိမြင်နိုင်သော နောက်ဆက်တွဲ ပြဿနာများကို ဖြေရှင်းနိုင်မည် မဟုတ်ချေ။ အဆိုပါ အကြပ်အတည်းကို ထိရောက်စွာ ဖြေရှင်းနိုင်ရန် တိကျသော အစီအစဉ်များ မရှိသေးပါက အပြန်အလှန် အကျိုးပြု ပုံဖော်ရေးဆွဲခြင်း လုပ်ငန်းစဉ်များ၊ လိုက်လျောညီထွေဖြစ်သော အုပ်ချုပ်မှု၊ နှင့် အရေးပေါ် လမ်းညွှန်ချက်များ iterative design processes, flexible governance, and contingency planningထားရှိရန် လိုအပ်သည်။

မိတ်ဖက်အဖွဲ့အစည်းများကိုလည်း မိမိတို့၏ အကျိုးခံစားခွင့် ရှိသူများအတွက်သာမက၊ မိမိတို့၏ ဝန်ထမ်းများနှင့် စေတနာ့ ဝန်ထမ်းများ အတွက်အပါအဝင် လိုအပ်ချက်များအပေါ် သတိပြုဆောင်ရွက်ရန် အရေးကြီးကြောင်း အသိပေးလှုံ့ဆော်ရန် အရေးကြီးပေသည်။ ထုံးစံမဟုတ်သော လျှင်မြန်စွာ ဆင့်ကဲပြောင်းလဲလာသည့် အခြေအနေအပေါ် ထောက်ဆချိန်ထိုးကြည့်ပါက လူတိုင်းသည် ၎င်းတို့၏ လုပ်ငန်းခွင်နှင့် မိမိ၏ရေးရာကိစ္စရပ်များ အားလုံးကို ပြောင်းလဲမှုများအပေါ် လိုက်လျောညီထွေ ဖြစ်စေရန်အတွက် များစွာ စိတ်ဖိစီးမှုများ ခံစားနေရမည်ဖြစ်သည်။ အဖွဲ့အစည်း၏ ခေါင်းဆောင်မှုပုံစံသည် မိမိတို့၏

ဝန်ထမ်းများ ကြုံတွေ့ရသည့် ဖိအားများကို ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းအပေါ် အချိန်ပေး လေ့လာစစ်ဆေးပြီး လိုအပ်ပါက ထပ်ဆောင်းပံ့ပိုးကူညီမှုများနှင့် လိုက်လျောညီထွေ ပြောင်းလဲမှုများ ပြုလုပ်ပေးသင့်သည်။

4. မြန်မာနိုင်ငံအတွင်း စီမံအုပ်ချုပ်ဆောင်ရွက်မှုပုံစံများနှင့် ဘာသာစကား စုံလင်ကွဲပြားမှုတို့၏ ရှုပ်ထွေးမှုကို နိုးကြားသိမြင်စွာ ဆောင်ရွက်ပါ။

ဤအကြပ်အတည်းကို ရင်ဆိုင်ဖြေရှင်းရန် အဓိက တာဝန်ရှိသူမှာ မြန်မာနိုင်ငံတော် အစိုးရပင်ဖြစ်သည်။ မည်သို့ပင် ဆိုစေကာမူ ထိရောက်စွာ တုံ့ပြန်ဖြေရှင်းနိုင်ရန်အတွက် လူတိုင်း ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါမည်။ နိုင်ငံအတွင်း ကျန်းမာရေးနှင့် အားကစားရေးရာ ဝန်ကြီးဌာနနှင့် အခြားသော ဌာနဆိုင်ရာများ၊ ဝန်ကြီးဌာနများ လက်လှမ်းမမီသည့် ဒေသများစွာ ရှိသည် There are many parts of the country where the MOHS and other departments and ministries cannot reach။ အဆိုပါ သေများတွင် ဒေသခံ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ မသန်စွမ်းသူများ အသင်းနှင့် တိုင်းရင်းသား/လူမှုအသိုက်အဝန်း အခြေပြု ကျန်းမာရေး၊ လူမှုရေး အဖွဲ့အစည်းများမှ အခြေချ နေထိုင်သူများ အတွက် ထောက်ပံ့မှုများ ဆောင်ရွက်သည် ethnic and community based health and social service delivery organisations support the communities who live there။ အရေးကြီးသည်မှာ ကိုဗစ်-၁၉ ကို တုံ့ပြန်ဖြေရှင်းရန် အတွက် ကမ်းလှမ်းသော အထောက်အပံ့နှင့် ငွေကြေးများသည် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ အပေါ် ပဋိပက္ခ နိုးကြားသိမြင်မှု ရှိစေရေး conflict sensitive နှင့် အထူးသဖြင့် ဒေသအတွင်း နေထိုင်သူများမှ ကူညီထောက်ပံ့မှုများ တောင်းခံလာသည့်အခါ particularly when they request for assistance ၎င်းတို့၏ လူမှုအသိုက်အဝန်းများ ပြိုကွဲမသွားစေရေး ကို ထည့်သွင်းစဉ်းစားသင့်သည်။ အရေးကြီးသည့်အချက်မှာ အစိုးရဌာနဆိုင်ရာ များကို ရှောင်ရှားသည့် သဘောထားအမြင်မျိုး မဟုတ်ဘဲ ဆက်သွယ်ဆက်ဆံမှုများတွင် ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာကို လေးစားကြောင်းဖော်ပြသည့် အမူအကျင့်များ ရှိသင့်ပြီး လေးစားခြင်း၊ တာဝန်ခံခြင်း၊ တရားမျှတခြင်းနှင့် ပွင့်လင်းမြင်သာခြင်းဆိုင်ရာ အခြေခံဥပဒေသများကို လိုက်နာရန် လိုအပ်သည်။

ထို့ပြင် မြန်မာနိုင်ငံအတွင်းရှိ လူမှုအသိုက်အဝန်းအများစုသည် ကိုဗစ်-၁၉၊ ကာကွယ်တားဆီးရေး စီမံချက်များနှင့် အခြားသော တုံ့ပြန်ကာကွယ်မှု ရှုထောင့်များနှင့်ပတ်သက်သည့် ခိုင်မာသော သတင်းအချက် အလက်များကို မိမိတို့နားလည် အသုံးပြုရာ (မိခင်) ဘာသာစကားဖြင့် ရရှိနိုင်မှု၊ လက်လှမ်းမီနိုင်မှု မရှိကြချေ။ နားလည်မှုကွဲလွဲမှုများ၊ မယုံကြည်မှုများ၊ နှင့် သတင်းအမှားတို့၏ အန္တရာယ်ကို ပိုမို မဆိုးရွားလာစေရန် အလို့ငှာ လုပ်ငန်းဆောင်ရွက်သည့်အဖွဲ့များအနေဖြင့် သတင်းအချက်အလက် မှန်ကန်စွာ ရရှိစေရန်အတွက် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်သင့်သည်။ ထိုသို့လုပ်ဆောင်ရာတွင် သတင်းအချက်အလက်များကို ဒေသ ဘာသာစကားများသို့ ပြန်ဆိုခြင်း၊ သို့မဟုတ် အကြားအမြင် ချို့ယွင်းသူများ အတွက် နည်းလမ်းများ၊ သို့/နှင့် ဒေသခံ ဘာသာစကားနှင့် ဒေသအခြေအနေကို တတ်ကျွမ်းနားလည်သူ ဒေသခံ မိတ်ဖက်များနှင့် လက်တွဲဆောင်ရွက်ရန် စသည်ဖြင့် ပါဝင်သည်။

5. ဒေသခံ လူမှုအသိုက်အဝန်းများအတွင်း ရောဂါကူးစက်နိုင်မှုကို ထိန်းချုပ်နိုင်မည့် အမှန်တကယ် အလားအလာ ရှိသော ဒေသအခြေအနေနှင့် ဆီလျော်ကာ ရေရှည်တည်တံ့သည့် ဖြေရှင်းချက်များကို တိုက်တွန်းအားပေးပါ။

ကိုဗစ်-၁၉ ကပ်ရောဂါပြန့်ပွားမှု သည် မတူကွဲပြားသူများကို မတူညီသော နည်းလမ်းများဖြင့် affect different people in different ways ထိခိုက်စေ နိုင်သည်။ ဥပမာအားဖြင့် ပြည်သူအများစုသည် သီးခြားခွဲထွက်နေရန် သို့မဟုတ် သန့်ရှင်းသော/ထပ်ဖန်တလဲလဲအသုံးမပြုသော ရေ၊ ဆပ်ပြာတို့ဖြင့် လက်ကို ဆေးကြောရန် wash their hands under running water with soap မဖြစ်နိုင်ကြချေ။ အဆိုပါ ကျင့်သုံးမှုများအကြောင်း၊ ခက်ခဲသော ကာလများ အတွင်း အသက်ရှင်နေထိုင်နိုင်မည့် သတင်းအချက်အလက်များ သို့မဟုတ် ပြုပြင်ပြောင်းလဲမှုများ (ရွေးချယ်စရာ နည်းလမ်းများ အမြဲတမ်း ရှိသည်) ကို လူအများ ထည့်သွင်းစဉ်းစား လာစေရန် အလွန်အရေးကြီးသည်။ စိတ်ပေါင်းကိုယ်ခွာ လူမှုဆက်ဆံရေး သို့မဟုတ် တစ်ကိုယ်ရည် သန့်ရှင်းရေး ဗဟုသုတများသည် ဒေသအပေါ်တွင် အခြေခံရေး၊ ထိရောက်ရေး၊ ထိခိုက်နစ်နာစေမှု ကင်းဝေးစေရေးနှင့် ကပ်ရောဂါအတွက် အပြစ်တင်ခံရနိုင်ခြေ ရှိသူများ ကြုံတွေ့ရမည့် အန္တရာယ်ကိုတားဆီးလျော့ချနိုင်ရန်တို့အတွက် ဒေသဗဟုသုတသည် မရှိမဖြစ် အရေးပါသည်။ ယင်းသည် အာဏာပိုင်များ၊ ထိခိုက်ခံစားရသူ အစုအဖွဲ့များ၊ မိတ်ဖက်များနှင့် အကျိုးခံစားခွင့် ရှိသူများအပါအဝင် မိမိတို့၏ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ တစ်ဦးချင်းစီအတွက် များစွာ အရေးပါသည်။

လူမှုအသိုက်အဝန်းများအနေဖြင့် မိမိတို့ဆန္ဒအရ လိုက်နာဆောင်ရွက်ရန်နှင့် ထိရောက်မှုရှိစေရန်အတွက် ရောဂါကာကွယ်တားဆီးရေး စီမံချက်များ၏ သဘောတရားကို နားလည်ရန် လိုအပ်သည်။ လူမှုအသိုက်အဝန်းများနှင့် ယုံကြည်မှု တည်ဆောက်ရန်အတွက် အဓိကသော့ချက် နည်းလမ်းတစ်ခုမှာ ယုံကြည်ရသူများနှင့် တိုင်ပင်ဆွေးနွေးကာ ပျံ့နှံ့ပုံနှင့် ထိန်းချုပ်ပုံနည်းလမ်းများ စသည့် ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် မှန်ကန်၍ နားလည်လွယ် သော သတင်းအချက်အလက်များကို စီစဉ် ဖြည့်ဆည်းပေးရန် ဖြစ်သည်။ ကူးစက်မှုကို ကာကွယ်ရန်နှင့် ဒေသ၏ အခြေအနေအရပ်ရပ် (ဥပမာ - ဖြတ်သန်းသွားလာမှု ကန့်သတ်ရန် အလားအလာရှိ/မရှိ၊ ဖြတ်သန်းသွားလာမှု ကန့်သတ်ခြင်းအပေါ် အခြားရွေးချယ်စရာ စီမံချက်များ ရှိနိုင်/မရှိနိုင်) အပေါ် ထောက်ဆ၍ ကိုက်ညီသော စီမံချက်များ ဖော်ထုတ်သတ်မှတ်ရန်အတွက် ဒေသခံလူထု လက်ခံနိုင်သော နည်းလမ်းများကို လူမှုအသိုက် အဝန်းများနှင့် ဆွေးနွေးအကြံပြုချက် ရယူကာ အန္တရာယ်များအပေါ် ဘုံတူညီသော နားလည်မှု ရရှိပါက ဆန္ဒအလျောက် လေးစားလိုက်နာခြင်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ကျန်းမာရေး ဝန်ထမ်းများသည်လည်း လူမှုအသိုက်အဝန်းအတွင်း ကူးစက်မှု ရှိလာပါကလက်ရှိ လူမှုအကြောင်းခံ များအပေါ် ပိုမိုနားလည်မှု ရရှိနိုင်ရန်အတွက် (ဥပမာ  သွားလာလှုပ်ရှားမှု ပုံစံများနှင့် အန္တရာယ် အကြောင်းခံ အချက်များ) လူမှုအသိုက်အဝန်းဝင် များနှင့်အတူ ဆွေးနွေးအကြံပြုချက် ရယူနိုင်သည် consult with community members to better understand the social factors at play။ အမျိုးသမီးများသည် အဓိကပြုစုစောင့်ရှောက်သူများအဖြစ် မကြာခဏ မြင်တွေ့ရလေ့ရှိပြီး

လူမှုအသိုက်အဝန်း ကျန်းမာရေးဝန်ဆောင်မှုများ စီမံဆောင်ရွက်ရာတွင်လည်း ထင်ရှားသော အခန်းကဏ္ဍမှ ပါဝင်နေသည့် အားလျော်စွာ ၎င်းတို့၏ အကြံဉာဏ်ကို ဆွေးနွေးရယူရန်မှာလည်း အရေးကြီးသော အချက်တစ်ခုဖြစ်သည်။

6. မိမိတို့၏ ဆုံးဖြတ်ချက်များ၊ ဆောင်ရွက်ချက်များနှင့် ဆက်သွယ်ဆက်ဆံမှုများ အားလုံးသည် လက်ရှိ ထိခိုက်နစ်နာလျက်ရှိသော၊ ဖယ်ကျဉ်ခံထားရသော၊ ထိခိုက်နစ်နာနိုင်ခြေ အရှိဆုံးသူများအပေါ် သက်ရောက်ဖြစ်ပွားစေနိုင်သော အခြေအနေအရပ်ရပ်ကို စစ်မှန်သော ကိုယ်ချင်းစာမှုနှင့် နားလည်မှုတို့အပေါ် အခြေခံဆောင်ရွက်နိုင်စေရန်အလို့ငှာ လူမှုအသိုက်အဝန်းများနှင့် ဆွေးနွေးသဘောထား ခံယူပါ။

ကိုဗစ်-၁၉ အကြပ်အတည်းသည် လူထုကျန်းမာရေး အကြပ်အတည်းတစ်ခုသာ မဟုတ်ပါ။ ၎င်းသည် လူမှုရေး၊ စီးပွားရေး၊ ကျား/မ ရေးရာနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ များအပေါ် အကြီးအကျယ် ရိုက်ခတ်မှုများ ရှိသည် social, economic, gender and psychosocial implications။ ပြည်သူများ မိမိအိမ်အတွင်း နေထိုင်ခြင်း ၂-၃ ပါတ် ကြာကာလသည် ၎င်းတို့၏ ဝင်ငွေ၊ စားသောက်မှု ဖူလုံရေးနှင့် မိမိတို့အိမ်၏ လုံခြုံရေးအခြေအနေ များအပေါ် ယူဆချက်များစွာ ဖြစ်ပေါ်စေသည်။ မြန်မာနိုင်ငံ၏ လူမှုစီးပွားရေး ကွဲပြားစုံလင်မှုကို ထောက်ဆလျှင် တစ်ချက်တည်းဖြင့် အားလုံးနှင့် အဆင်ပြေကိုက်ညီစေသည့် နည်းလမ်းမှာ အကျိုးဖြစ်ထွန်းလိမ့်မည် မဟုတ်ဘဲ အန္တရာယ် များပင် ဖြစ်ပေါ်စေနိုင်သည် a one size fits all approach is unlikely to be effective and may even be dangerous။

ထို့ကြောင့် အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ လိင်စိတ်ခံယူမှု ကွဲပြားသူများ၊ မသန်စွမ်းများ၊ ဒုက္ခသည်စခန်းအတွင်း နေထိုင်ကြသူများ၊ အလုပ်လက်မဲ့များနှင့် အခြားသူများအပါအဝင် သတင်းအချက်အလက်များ စုံလင်ကွဲပြားစွာ ခွဲခြမ်းစိတ်ဖြာ သုံးသပ်ရန် အလွန် အရေးကြီးသည်။ ၎င်းတို့၏ မတူကွဲပြားသော အတွေ့အကြုံများ၊ စိန်ခေါ်မှုများ၊ နှင့် လိုအက်ချက်များကို နားလည်ကာ အဆိုပါအချက်များကို ထင်ဟပ်တုံ့ပြန်နိုင်သည့် စနစ်တစ်ခု တည်ဆောက်ရန်အတွက် အလားအလာများ အားနည်းလျှက်ရှိသည်။ ရွှေ့ပြောင်းနေထိုင်သူများ၊ ဒုက္ခသည်များ၊ နှင့် နိုင်ငံသားအသိအမှတ်ပြုခြင်း မခံရသူများ၏ အခြေအနေသည် အထူးသဖြင့် စိုးရိမ်ဖွယ်အနေအထားတွင် ရှိပြီး migrants, refugees, and stateless people is particularly precarious ၎င်းတို့၏ အခွင့်အရေးများနှင့် ကြုံတွေ့ရမှု များကို ဤကာလအတွင်း ကာကွယ်ပေးရန် မုချ လိုအပ်သည်။ အစုအဖွဲ့အများစုတွင် မတူညီသော သတင်း၊ ဝန်ဆောင်မှုနှင့် အရင်းအမြစ် များရယူနိုင်သည့် နည်းလမ်း/နေရာများ ရှိကြသည်။ ကိုဗစ်-၁၉ အပေါ် နားလည်ပုံနှင့် တုံ့ပြန်ဖြေရှင်းသည့် နည်းလမ်းများ၏ ၎င်းတို့အပေါ် သက်ရောက်မှုများသည် မိမိတို့၏ လုပ်ငန်းများ ထိခိုက်နစ်နာမှုမရှိ ဆောင်ရွက်နိုင်ရန်အတွက် အလွန် အရေးပါ သည်။

မြန်မာနိုင်ငံသည် လက်ရှိတွင် ကိုဗစ်-၁၉ ကို နိုင်ငံလုံး တုံ့ပြန်တွန်းလှန်ဖို့ ပထမအဆင့်တွင် ရှိသည်ဖြစ်ရာ လူမှုစီးပွားရေး၊ ကျား/မ ရေးရာ၊ နှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ရိုက်ခတ်မှုများနှင့် ဗိုင်းရပ်စ် ရောဂါပိုး လျော့ချရပ်တန့်နိုင်ရေးအပြင် မူဝါဒများ ချမှတ်ကာ တုံ့ပြန်ဖြေရှင်းခြင်းများကို အခြေခံလိုအပ်ချက်အားဖြင့် ထည့်သွင်းစဉ်းစား သင့်သည် (ဥပမာ - စီးပွားရေး လုပ်ငန်းများ ခေတ္တပိတ်သိမ်းခြင်း၊ အလုပ်လက်မဲ့ဦးရေ တိုးမြင့်လာခြင်း၊ အစားအသောက် မဖူလုံမှု ဖြစ်ရပ်များ၊ အိမ်တွင်း

အကြမ်းဖက်မှုများ များပြားလာခြင်း၊ သောက်သုံးရေ အကြပ်အတည်းနှင့် ရေအရင်းအမြစ် ပြိုင်ဆိုင်ရယူခြင်းမှ လူမှုအသိုက်အဝန်းများကြား တင်းမာမှုများ၊ စသည်ဖြင့်)။ အဆိုပါ ကိုဗစ်-၁၉ စီမံချက်များ၏ အလားအလာရှိသော ရေရှည် ရိုက်ခတ်မှုများကို ထောက်ဆကြည့်မည် ဆိုပါက တုံ့ပြန်ဖြေရှင်းမှုများနှင့် မူဝါဒများသည် ဖယ်ကျဉ်ခံထားရသူများနှင့် အားနည်းသူများ၏ အခွင့်အရေးကို လေးစား၊ ကာကွယ်၊ ဖြည့်ဆည်းပေးရန်နှင့် ကျား/မ ရေးရာ နိုးကြားသိမြင်မှု gender sensitive အပေါ် အလေးထား သတိပြုရန် အထူးလိုအပ်သည်။

7. အကြပ်အတည်းကာလအတွင်း အမျိုးသမီးများ၏ အသံ (သဘောထား) နှင့် ခေါင်းဆောင်မှုကို တိုးမြှင့်ပေးပါ။

ခန့်မှန်းခြေအားဖြင့် ၇၅%သော မြန်မာနိုင်ငံ ကျန်းမာရေးလုပ်သားများမှာ အမျိုးသမီးများ ဖြစ်ကြပြီး သူနာပြု လုပ်ငန်းများ အများစုလုပ်ကိုင်ကြကာ ဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ထက်ဝက်ကျော်မှာ အမျိုးသမီးများ ဖြစ်သည်။ ယင်းအချက်အားဖြင့် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် ကပ်ရောဂါ တုံ့ပြန်တွန်းလှန်ရာတွင် ခေါင်းဆောင်မှုတွင်သာမက မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု စီမံဆောင်ရွက်ခြင်းတစ်ခုလုံးအပေါ် ခြုံငုံ ပါဝင်နေကြောင်း သိမြင်နိုင်သည့် အခွင့်အလမ်းတစ်ရပ် ဖြစ်သည်။ အကြပ်အတည်းကာလအတွင်း ခေါင်းဆောင်မှု အခန်းကဏ္ဍနှင့် ပတ်သက်သည့် ကျား/မ ရေးရာ သတ်မှတ်ချက်များအပေါ် ဖွင့်ဆိုချက်များကိုလည်း အသိအမှတ်ပြုပေးရန် လွန်စွာအရေးကြီးသည်။

အမျိုးသမီးများသည် အများအားဖြင့် ဒေသအတွင်း ပြောင်းလဲမှုဖြစ်စဉ်များကို နားလည်ရန်နှင့် လေ့လာဖော်ထုတ်ရာတွင် ကျွမ်းကျင်ကြသည်။ ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် တုံ့ပြန်ရန်နှင့် အစီအစဉ်များ ရေးဆွဲချမှတ်ရာတွင် အမျိုးသမီးများ၏ အသိအမြင်များနှင့် နားလည်မှုတို့ကို ထည့်သွင်းရန် အလွန်အရေးကြီးသည်။ အကြပ်အတည်းကာလလွန် အချိန်အထိ ဆက်လက် ကျင့်သုံးသွားသင့်သည့် ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် တုံ့ပြန်မှုများ၊ ကပ်ဘေးကြောင့်စီးပွားရေး ကျရှုံးမှုများနှင့် မြန်မာနိုင်ငံ၏ များပြားသော ပဋိပက္ခများ resolving Myanmar’s many conflicts ကဲ့သို့ အခြားသော ပြဿနာများကို တုံ့ပြန်ဖြေရှင်းရာတွင် အမျိုးသမီးများ၏ ခေါင်းဆောင်မှု အခန်းကဏ္ဍများ ပါဝင်နိုင်စေရန် နည်းလမ်းမျိုးစုံကို အသုံးပြုဆောင်ရွက်သင့်သည်။

8. **အကြပ်အတည်းကာလအတွင်း သက်ရောက်ဖြစ်ပွားစေနိုင်သည့် တည်ငြိမ်အေးချမ်းမှုနှင့် လက်တွဲဆောင်ရွက်ရေး အတွက် အခွင့်အလမ်းများကို အသိအမှတ်ပြု၊ အားပေးထောက်ပံ့မှု ပြုပါ။**

ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ကပ်ဘေးကာလအတွင်း တစ်ကမ္ဘာလုံး အပစ်အခတ်ရပ်စဲရေး နှိုးဆော်ကြေငြာချက်ကို တုံ့ပြန်သောအားဖြင့် ပဋိပက္ခအတွင်း ပါဝင်လျှက်ရှိသော ပါတီ များကို ကိုဗစ်-၁၉ ကို အာရုံစိုက် တုံ့ပြန်နိုင်ရန်အတွက် ကမ္ဘာတစ်ဝန်း ဖြစ်ပွားလျှက်ရှိသော ပဋိပက္ခ အများစုမှာ ရပ်စဲထားပြီး ဖြစ်သည် numerous conflicts have been paused around the။ မြန်မာနိုင်ငံအတွင်း တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတစ်ချို့မှ ကိုဗစ်-၁၉ ကို အာရုံစိုက် တုံ့ပြန်ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံလုံးဆိုင်ရာ အပစ်အခတ် ရပ်စဲရေး nationwide ceasefire to concentrate on addressing Covid-19 ကို တောင်းဆိုခဲ့ကြသည်။ အဆိုပါ ထုတ်ပြန်ချက်များအရ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည်

နိုင်ငံလုံးဆိုင်ရာ အန္တရာယ်ကို ရင်ဆိုင်ရန် စည်းလုံးမှုနှင့် လက်တွဲ ပူးပေါင်းမှုလိုအပ်ကြောင်း နိုးကြားသိမြင်ကြောင်း လူထုသို့ ချပြနိုင်သည်။ ယင်းသည် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးအတွက် အုတ်မြစ်တစ်ခု ဖန်တီးနိုင်မည့် ဆန်းသစ်သော အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်သည်။

ငြိမ်းချမ်းရေး တည်ဆောက်သူများ (တရားဝင်/အလွတ်တန်း ဖြစ်စေ၊ အတွေ့အကြုံရင့်သူ/နုသူ ဖြစ်စေ) တွင် ကပ်ဘေးကာလအတွင်း ဆောင်ရွက်ရမည့် အရေးကြီး အခန်းကဏ္ဍတစ်ရပ်ရှိသည်။ အကြပ်အတည်းကာလအတွင်း ငြိမ်းချမ်းရေးတည်ဆောက်သူများအနေဖြင့် ၎င်းတို့၏ ကျွမ်းကျင်မှုများ၊ အတွေ့အကြုံများနှင့် ချိတ်ဆက်မှုများကို အထိတ်တလန့်ဖြစ်ခြင်းကို လျှော့ချရန်၊ ခွဲခြားမှုများကို အနိမ့်ဆုံးဖြစ်စေရန်၊ ချိတ်ဆက်မှုများ တည်ဆောက်ရန်နှင့် ပေါင်းသင်းဆက်ဆံရေးများပြန်လည် ပြုပြင်ရန် reduce panic, minimize stigma, build connections and repair relations အတွက် အသုံးချနိုင်သည်။ ကျွန်ုပ်တို့သည် အဆိုပါ အခန်းကဏ္ဍကို လမည့် ရက်သတ္တပါတ်များ၊ လ များအတွင်း ဆောင်ရွက်ရာတွင် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ opportunities and challenges ကြုံရနိုင်သည်။

**Don't…**

ရှောင်ရန်အချက်များ

1. လက်ရှိ တည်ရှိပြီးဖြစ်သော တင်းမာမှုနှင့် သံသယ အကြောင်းရင်းများကို ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်မည့် ပံ့ပိုးမှုလုပ်ငန်းများကြောင့် ပိုမိုဆိုးရွားစေမှု မရှိပါစေနှင့်။

လူမှုအသိုက်အဝန်း အများအပြား၊ အထူးသဖြင့် အကြမ်းဖက်မှုနှင့် လက်နက်ကိုင် ပဋိပက္ခဒဏ် ခံစားရသော နေရာများသည် လူမှုရေး၊ နိုင်ငံရေးနှင့် တိုင်းရင်းသား ပိုင်းခြားမှုများ၊ အခြားသူများအပေါ် မယုံကြည်ခြင်းနှင့် ဆင်းရဲချို့တဲ့ခြင်း၊ ဖယ်ကျဉ်ခံရခြင်းတို့နှင့် ဆက်နွယ်သည့် ခံစားချက်များအားဖြင့် ကွဲပြားသည့် အသွင်လက္ခဏာ ဆောင်လေ့ရှိသည်။ ကြောက်ရွံ့မှုများ ဝန်းရံနေသည့် လူမှုအသိုက်အဝန်းများသည် ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ချက်များအပေါ် အဆိုပါ ခံယူချက် သဘောထားအမြင်များနှင့် အတွေ့အကြုံများ သက်ရောက်သည့် အမြင်မျိုးဖြင့်သာ ရှုမြင်နိုင်ခြေ များစွာ ရှိသည် see the Covid-19 response through a lens affected by these perceptions and experiences။ ထို့ကြောင့် "နည်းပညာဆိုင်ရာ" သီးသန့် သို့မဟုတ် "ကြားနေ" သီးသန့် ဖြေရှင်းတုံ့ပြန်မှုမျိုး အကောင်အထည်ဖော် ဆောင်ရွက်ရန် မဖြစ်နိုင်ချေ။ အဘယ့်ကြောင့်ဆိုသော် တုံ့ပြန်မှုတိုင်းသည် မည်သူ၊ မည်မျှ၊ မည်ကဲ့သို့ ရသည်ဆိုသည့် အပေါ် နိုင်ငံရေးလှည့်ကွက်များအဖြစ် မလွဲမသွေ အဓိပ္ပါယ်ကောက်ယူကြမည် ဖြစ်သည်။ ဤအချက်ကို လုပ်ငန်းစဉ်တိုင်းအတွက် ပုံဖော်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ကာလများတွင် ထည့်သွင်းစဉ်းစားခြင်းအားဖြင့် အန္တရာယ်များကို လျှော့ချနိုင်ရန်နှင့် တုံ့ပြန်မှုများ ပိုမို အကျိုးရှိစေရန် အထောက်အပံ့ဖြစ်စေလိမ့်သည်။ မကြာသေးခင်က ဖြစ်ပွားသော မြစ်ကြီးနား ကိုဗစ်-၁၉ ပညာပေး နံရံဆေးရေးပန်းချီ Covid-19 awareness mural in Myitkyina အငြင်းပွားဖွယ်ရာ ဖြစ်ရပ်သည် ကျွန်ုပ်တို့အနေဖြင့် ယုံကြည်မှု ပျက်စီး နေသော ဒေသအခြေအနေနှင့် တိမ်မြုပ်နေသော တင်းမာမှုများအပေါ်

မည့်မျှ ကြားဝင်နှောက်ယှက်နိုင်ကြောင်း ပြသ သကဲ့သို့ ရှိပြီး ကျွန်ုပ်တို့၏ အခြေလှမ်းတိုင်းကို အထူးသတိပြုလျှောက်လှမ်းဖို့ လိုအပ်သည်။

2. လက်ရှိ တည်ရှိပြီးဖြစ်သော ကိုယ်ထူကိုယ်ထ အစုအဖွဲ့များ၊ လူမှုအသိုက်အဝန်း ခေါင်းဆောင်များ၊ အမျိုးသမီး အစုအဖွဲ့များ၊ ဘာသာရေး အဖွဲ့အစည်းများ သို့မဟုတ် အခြားသော လူမှုအသိုက်အဝန်းအဆင့် ကွန်ယက်များကဲ့သို့ အထောက်အကူပြု တည်ဆောက်ပုံများကို ထိခိုက်လျော့ပါးမှု မရှိပါစေနှင့်။

လူတိုင်းသည် ကိုဗစ်-၁၉ တုံ့ပြန်မှုများကြောင့် စိတ်သဘောတင်းမာမှုများ၊ စိတ်ဖိစီးမှုများနှင့် ဖိအားများကို ခံစားရနိုင်သည်။ အကြပ်အတည်းကာလအတွင်း လူအများအပြားသည် အကူအညီများ၊ လမ်းညွှန်မှုများနှင့် ဦးဆောင်မှုများ ပြုနိုင်ရန်အတွက် လေးစားဖွယ် ပုဂ္ဂိုလ်များအဖြစ်၊ ၎င်းတို့ လူမှုအသိုက်အဝန်းအတွင်းရှိ အဖွဲ့အစည်းများနှင့် အသင်းအဖွဲ့များ သို့ ကူးပြောင်း ဆောင်ရွက်မှုလာနိုင်သည်။ အဆိုပါ လူထုသည် လူမှုအသိုက်အဝန်းများ၊ အစိုးရ ဌာနဆိုင်ရာများ၊ နှင့် အရပ်ဘက် လူမှုအဖွဲ့အစည်း/အစိုးရမဟုတ်သော အဖွဲ့အစည်းများ ကြား ယုံကြည်မှု တည်ဆောက်ပေးနိုင်သည့် အရေးပါသော အခန်းကဏ္ဍတစ်ရပ်ကို ဆောင်ရွက်နိုင်ပေသည်။ သို့သော် ၎င်းတို့အနေဖြင့် အဆိုပါ အခန်းကဏ္ဍကို ဆောင်ရွက်မှုကို တားဆီးခံရပါက သို့မဟုတ် ဖြစ်စဉ်အတွင်း မပါရှိခဲ့ပါက အကြပ်အတည်းကို တုံ့ပြန်ဖြေရှင်းရန် မရှိမဖြစ် လိုအပ်သော အားလုံးပါဝင်သည့် အပြုသဘော ဆောင်လက်တွဲချိတ်ဆက်မှုမျိုး ရရှိနိုင်သည့် အခွင့်အရေးတစ်ရပ်ကို လက်လွတ်ဆုံးရှုံးရမည်ဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းစဉ်တိုင်း ၎င်းတို့အပေါ် ဝန်ပိစေခြင်း၊ ချန်လှပ်ဖယ်ကျဉ်ခြင်း မပြုဘဲ ဒေသတွင်း ထောက်ပံ့ကူညီမှု ယန္တယားများ အပေါ် အသိအမှတ်ပြု၊ ပံ့ပိုးပေးကာ အခြေခံတည်ဆောက်သွားရမည်ဖြစ်သည်။

လူမှုထည့်သွင်းပါဝင်ခြင်း ဥပဒေသများနှင့် ဒေသခံ အသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်ခြင်းသည် အရေးကြီးသည့်အလျောက် ကျွန်ုပ်တို့အနေဖြင့် စိတ်ပေါင်းကိုယ်ခွာ လူမှုဆက်ဆံရေးအတွက် လိုအပ်ချက်များကို အထူးသတိပြုရမည်ဖြစ်သည်။ လူမှုအသိုက်အဝန်း အသင်းအဖွဲ့ အများစုသည် လူမှုအသိုက်အဝန်း စည်းဝေးပွဲများအပေါ် အခြေခံကာ ဆောင်ရွက်လေ့ရှိပြီး နည်းပညာအသုံးပြုကာ အဝေးရောက် စည်းဝေးပွဲများ နည်းလမ်းများ အသုံးပြုလေ့မရှိပေ။ လူအများအပြား၏ ပူးပေါင်းပါဝင်မှု ရရှိရန် လွန်ကဲသော တောင်းဆိုမှုများသည် ကိုဗစ် ဗိုင်းရပ်စ်ပိုး ပြန့်ပွားမှု ထိန်းချုပ်ကန့်သတ်မှု ကြာမြင့်စွာ ဆောင်ရွက်ရသည့်အခါ ထိခိုက်နစ်နာမှုများ ဖြစ်စေနိုင်သည်။ ယင်းသည် လာမည့် ရက်သတ္တပါတ်နှင့် လ များအတွင်း နည်းလမ်းရှာဖွေရန် လိုအပ်သော ထိန်းညှိထိန်းကျောင်းမှု စိန်ခေါ်ချက်တစ်ရပ်ပင် ဖြစ်သည်။

3. မိမိတို့ အသုံးပြုသော မီဒီယာ (ဆက်သွယ်ဆက်ဆံရေး နည်းကိရိယာများ)၊ သတင်းစကား အရေးအသားများနှင့် အမူအကျင့်များကြောင့် မလိုလားအပ်သော ဖယ်ကျဉ်မှု၊ ကွဲရဲ့အပြစ်တင်မှုများနှင့် အပျက်သဘောဆောင်သော ပုံသေကားချ တွေးခေါ်မှုများကို မဖြစ်ပွားပါစေနှင့်။

အကြပ်အတည်းကာလများအတွင်း ပုံမှန်အားဖြင့် လူထု၏ ၎င်းတို့နှင့် မတူညီသော အခြားသူများဟု မြင်သောသူများ သို့မဟုတ် ၎င်းတို့ လူမှုအသိုက်အဝန်းဝင် မဟုတ်ဟု ယူဆသူများအပေါ် မယုံကြည်မှုနှင့် သံသယပွားမှုများ ဖြစ်တတ်သည့် သဘောသဘာဝကို အရှိန်မြှင့်တင်ပေးလေ့ရှိသည်။ ကိုဗစ်-၁၉ နှင့် ပတ်သက်၍ ပြည်တွင်း သတင်းမီဒီယာများ၊ နိုင်ငံတကာ သတင်းမီဒီယာများ၊ အစိုးရထုတ်ပြန်ချက်များ ရေးသားပုံဖော်မှုများကို ထောက်ရှုလျှင် ရောဂါပိုး ရှိသူများကို ကြောက်ရွံ့ခြင်းသည် မိမိနှင့်မတူသော အခြားသူများ (မြန်မာနိုင်ငံ ဒေသအခြေအနေအရ မတူညီသော ဘာသာဝင်များ၊ မရင်းနှီးသော တိုင်းရင်းသားလူမျိုးစုမှ လာသူများ၊ နိုင်ငံခြားသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လာသူများ၊ သို့မဟုတ် မိမိနှင့် မိမိ၏ မိသားစုအပေါ် အန္တရာယ် ကျရောက်စေနိုင်သည့် ပြုမူလှုပ်ရှားမှုများ ရှိသည်ဟု ယူဆသူတိုင်း) အပေါ် ကြောက်ရွံ့မှုကို အရှိန်မြှင့်တက်စေသည်။ ယင်းသည် လုပ်ငန်းစဉ်များ၊ သတင်းစကားများ (တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ) နှင့် ဆက်သွယ်ဆက်ဆံရေး အားလုံးတွင် မလိုလားအပ်သော ကြောက်ရွံ့မှုများ၊ တင်းမာမှုများ သို့မဟုတ် သံသယများကို တိုးမြင့်စေနိုင်သည့် အန္တရာယ်ကို လျှော့ချ တားဆီးနိုင်ရန်အတွက် အခြေခံလိုအပ်ချက် တစ်ခုဖြစ်သည်။ ကိုဗစ်-၁၉ အကြောင်း ပြောကြသည့်အခါ ပုံသေကားချ တွေးခေါ်မှုများ ဆက်လက်တည်မြဲစေနိုင်ခြင်း သို့မဟုတ် ဗိုင်းရပ်စ်ပိုးနှင့် အခြား အကြောင်းရင်းခံများကြား လွဲမှားသော စုစည်းသင်းပင်းခြင်းများကို အားပေးအားမြှောက် ပြုသကဲ့သို့ ဖြစ်စေနိုင်သဖြင့် အသုံးပြုသော ဘာသာစကားသည် အလွန်အရေးကြီးသည်။ (ဥပမာ - "ရွှေ့ပြောင်း ဗိုင်းရပ်စ်"၊ "တရုတ်ဗိုင်းရပ်စ်"၊ ကိုဗစ်-၁၉ "ကူးစက် သံသယ လူနာ")

လူမှုကွန်ယက် စာမျက်နှာများသည် အပျက်သဘောဆောင်သော ပုံသေကားချ အတွေးအခေါ်များကို အားပေးထောက်ခံမှု သို့မဟုတ် လက်ခံအသိအမှတ်ပြုမှုများ ဖြစ်စေနိုင်သည့် အန္တရာယ်တစ်ရပ်ရှိပြီး ပုံသေကားချပုံသွင်းခံထားရသူများ သို့မဟုတ် ပုံသေကားချအတွေးအခေါ် ကျင့်သုံးပုံသွင်းသူ နှစ်ရပ်လုံးအပေါ် သို့ လူအများ၏ ကန့်ကွက်တုံ့ပြန်မှုများ ဖြစ်ပေါ်စေနိုင်သည် (ဥပမာ - မျက်မြင် ကြော်ငြာ/သင်ထောက်ကူ ပစ္စည်းများ ထုတ်ဝေရာတွင် မည်သည့် တိုင်းရင်းသား အစုအဖွဲ့များသည် ပုံဖော်ပြသခြင်း ခံရပြီး မည်သည့် အဖွဲ့များက ချန်လှပ်ထားခြင်း ခံရသည်ကို အမြဲသတိပြုရန် လိုအပ်သည်)။ ကပ်ဘေးကဲ့သို့ စိုးရိမ်ဖွယ် ကာလအတွင်း အကြမ်းဖက်မှုများကို တရားဥပဒေအရ ထိန်းချုပ်တားမြစ်ရန် မဖြစ်နိုင်ခြေ။ လက်ရှိနှစ်များ အတွင်း မြန်မာနိုင်ငံ၏ လူမှုကွန်ယက် မီဒီယာများကို လူအများ မြန်ဆန်စွာလက်လှမ်းမီအသုံးပြုလာနိုင်သည့် အခြေအနေကို ထောက်ရှုလျှင် မခိုင်မာ/မယုံကြည်ရသော သတင်းအချက်အလက်များ ပျံ့နှံ့မှုနှင့် ကောလဟာလ သတင်းအချက်အလက် များ ပျံ့ပွားနိုင်ခြေကို ထိန်းချုပ်နိုင်လိမ့်မည် မဟုတ်ချေ။ ယင်းသည် ကျွန်ုပ်တို့၏ သတင်းစကားများနှင့် ဆက်သွယ်ဆက်ဆံရေးများ၏ ပဋိပက္ခအပေါ် နိုးကြားသိမြင်မှုသည် မရှိမဖြစ် အရေးပါကြောင်း ဖော်ပြလျက် ရှိသည်။ မြန်မာနိုင်ငံ၏ အစုအဖွဲ့အများအပြားသည် ခွဲခြားဆက်ဆံခြင်းကို ခံစားနေကြရပြီး ကျွန်ုပ်တို့အနေဖြင့် အဆိုပါအခြေအနေသို့ တုံ့ပြန်မှုလုပ်ငန်းများ၊ စကားလုံးများနှင့် အပြုအမူများအားဖြင့် ပါဝင်အားမြှောက်ပေးခြင်းမျိုး contribute to this through our responses, words or actions မဖြစ်စေရန်အတွက် အားလုံးတွင် တာဝန်ရှိသည်။

ကိုဗစ်-၁၉ ကပ်ရောဂါပြန့်ပွားမှု သည် သတင်းအချက်အလက်နှင့် အရင်းအမြစ်များကို လက်လှမ်းမီသူနှင့် ယင်းတို့ ကို လက်လှမ်းမီ သုံးစွဲနိုင်မှု မရှိသူတို့ကြား ကွာဟမှုကို ပိုမိုကြီးမားလာစေနိုင်သည်။ သတင်းအချက်အလက်များကို အင်တာနက်မှ ရရှိဖတ်ရှုရသူများသည် ၎င်းတို့အလုပ် ပြုတ်သွားပါက ထိုသတင်းအချက်အလက်များကို ရယူနိုင်ဖို့ အားထုတ်ရန် ခက်ခဲလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် အဆိုပါ အန္တရာယ်သို့ ပါဝင်အားမြှောက်ပေးခြင်းမျိုး ဖြစ်နိုင်သည့် အခြေအနေကို နိုးကြားသိမြင်နေရမည်ဖြစ်သည်။ ဥပမာအားဖြင့် အင်တာနက်များ အသုံးပြုကာ အတားအဆီးများကို ကျော်ဖြတ်ခြင်းသည် စိတ်ပေါင်းကိုယ်ခွာ လူမှုဆက်ဆံရေးအတွက် ကောင်းမွန်သော နည်းလမ်းတစ်ခု ဖြစ်သည်။ သို့သော် အဆိုပါ တီထွင်ဆန်းသစ်သော နည်းလမ်းများကို ပုံဖော်ရေးဆွဲပြီးသည့် အခါတိုင်း အောက်ပါအချက်များကို မေးခွန်းထုတ်ဆန်းစစ်ရန် အရေးကြီးသည်။ (ဘယ်သူတွေ လက်လှမ်းမီ သုံးစွဲနိုင်ခြင်းမရှိသနည်း။ အကြပ်အတည်းကာလသည် လပေါင်းများစွာ ကြာမြင့်ကာ အကယ်၍ အစုအဖွဲ့တစ်ချို့ကိုသာ လက်လှမ်းမီပြီး အချို့ အစုအဖွဲ့များ လက်လှမ်းမမီပါက မည်သည့် ရေရှည် သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်မည်နည်း။ ကျွန်ုပ်တို့ ထည့်သွင်းစဉ်းစားနိုင်မည့် အခြားသော လျှော့ချရပ်တန့်ရေး ဗျူဟာများမှာ အဘယ်နည်း။)

4. အကြပ်အတည်းများကြောင့် နိုင်ငံအတွင်း ကြီးမားသော ပြဿနာများနှင့် မမျှတမှု အခြေအနေများကို အာရုံမလွှဲပါစေနှင့်။

မြန်မာနိုင်ငံ ပြည်သူအများအပြားသည် ကိုဗစ်-၁၉ မစတင်မီ ကတည်းကပင် ဒုက္ခများ ခံစားနေခဲ့ရပြီး ဖြစ်သည်။ ယင်းအချက်သည် အဆိုပါ အရေးကိစ္စများကိုဖြေရှင်းရန် ဆိုင်းငံ့ထားသင့်သည်ဟု မဆိုလိုပေ။ ကျွန်ုပ်တို့အနေဖြင့် အဆိုပါ ပြဿနာရပ်များကို တုံ့ပြန်ဖြေရှင်းရန် တာဝန်ရှိပြီး ဦးစားပေးရွေးချယ်မှုများကို ချိန်ညှိ ဆောင်ရွက်ရမည်ဖြစ်သည်။ ပုံဖော်ပြရမည်ဆိုလျှင် မြန်မာနိုင်ငံ အစိုးရ၏ ကိုဗစ်-၁၉ ကို နိုင်ငံအဝှမ်း ဖြေရှင်းရန် ပြင်ဆင် နေချိန်အတွင်း ရခိုင်ပြည်နယ်အတွင်း လက်နက်ကိုင် ပဋိပက္ခများသည် လက်လက် အရှိန် မြင့်တက်လာသည်။ အချို့သော လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများသည် ကိုဗစ်-၁၉ ပညာပေးသတင်းစကားများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို အခြားသော မရှိမဖြစ် လူသားချင်းစာနာထောက်ထားမှုနှင့် ကာကွယ်ရေး ဝန်ဆောင်မှုများနှင့်အတူ ထည့်သွင်း လည်ပတ်ဆောင်ရွက်လျှက် ရှိသည်။ ဥပမာ ပလက်ဝ၊ ဘူးသီးတောင်၊ ရသေ့တောင်၊ မောင်တော၊ ကျောက်တော်၊ မြောက်ဦး၊ ပုဏ္ဏားကျွန်း၊ မြေပုံနှင့် မင်းပြားမြို့များတွင် အင်တာနက်များ ဖြတ်တောက်ခြင်း ဆက်လက်တည်ရှိနေသည့်အတွက် တစ်ကိုယ်ရည် သန့်ရှင်းရေး ပညာပေး သတင်းအချက်အလက် မျှဝေခြင်း လှုပ်ရှားမှုများသည် လွန်စွာ အရေးပါပေသည်။

5. ခံယူချက်သဘောထားအမြင်များအပေါ် စဉ်ဆက်မပြတ် နိုးကြားသိမြင်ရန်နှင့် နိုင်ငံသားအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ယာယီကန့်သတ်မှုများအပေါ် ဆက်လက် ဝေဖန်သုံးသပ်သွားရန် မမေ့ပါနှင့်။

အရေးအပေါ် အခြေအနေအတွင်း အချို့သော လွတ်လပ်ခွင့်များကို ယာယီကန့်သတ်ခြင်းများသည် ပုံမှန်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ကျွန်ုပ်တို့အနေဖြင့် အဆိုပါ ကန့်သတ်ချက်များကို ရှည်ကြာစေခြင်းနှင့် အလွဲသုံးစားပြုခြင်းများကို ခွင့်မပြုသင့်ပေ။ လူမှုဝန်းကျင် တရားမျှတရေး၊ လွတ်လပ်ခွင့်နှင့် ထည့်သွင်း ပါဝင်ခွင့်များအတွက် အခြေခံ ဥပဒေသများကို အလေးထားမှုနှင့် အရေးပေါ် အခြေအနေအပေါ် နားလည်မှုတို့အကြား ချိန်ညှိနိုင်မည့် နည်းလမ်းများကို ရှာဖွေရန် လိုအပ်လာနိုင်သည်။ ဂရုပြုရန် လိုအပ်သည်မှာ အကြပ်အတည်းတစ်ရပ်ကို ရင်ဆိုင်ရန်အတွက် အရေးပေါ်တုံ့ပြန်ချက်များသည် ခွဲခြားဆက်ဆံခြင်းနှင့် သိမြင်နိုးကြားမှုမရှိသည့် ကျင့်သုံးလုပ်ဆောင်သည့် အလေ့အထများအဖြစ် ဖွဲ့တည်သွားခြင်း မရှိစေရန်ဖြစ်သည်။ ဤကဲ့သို့ ရှည်ကြာသော အကြပ်အတည်း၏ လူမှုဘဝ၊ နိုင်ငံရေးနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ အပေါ် သက်ရောက်မှုများအကြား ရှင်သန်နေထိုင်ရသည့် “ပုံမှန်ဘဝ အသစ်” ကို ပြောင်းလဲနေထိုင်နေကြရသည့်အလျှောက် အဆိုပါ တုံ့ပြန်မှုများသည်လည်း ရှည်ကြာစွာ ရှိနေလိမ့်မည်ဖြစ်သည်။

အချို့သော နိုင်ငံသား လွတ်လပ်ခွင့်များကို ယာယီ လျှော့ချရသည့်အခါ အကြပ်အတည်းကာလလွန် အချိန်များတွင် ပြန်လည် အသက်ဝင်လာနိုင်သည့် ဒီမိုကရေစီနည်းကျလွတ်လပ်ခွင့် နောက်ပြန်ဆွဲမှုများကို အစဉ် နိုးကြားစွာသတိပြု နေစေရန်အတွက် ခံယူချက်အမြင်သဘောထားများအပေါ် နိုးကြားသိမြင်မှုကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန် လွန်စွာအရေးကြီးသည်။ အခြားနိုင်ငံများမှ ဒေသအခြေအနေ စောင့်ကြည့်လေ့လာခြင်း ဥပမာများ Monitoring the situation in other countries သည် ဤအခြေနေတွင် အထောက်အကူ ပြုနိုင်သည်။ ငြိမ်းချမ်းရေး တည်ဆောက်သူများ အနေဖြင့် မည်သူတို့ ၏ အခွင့်ရေးများသည် အခြားသော သူများထက် ပိုမိုကန့်သတ်ခြင်း ခံနေရသည်နှင့် မည်သူတို့သည် အကြမ်းဖက်မှု အန္တရာယ် ကြုံတွေ့နိုင်ခြေများပြီး ထပ်ဆောင်းကာကွယ်ရေး ယန္တရားများ လိုအပ်နေသည် (ဥပမာ - လိင်စိတ်ခံယူမှု ကွဲပြားသူများ၊ အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ)ကို အသေးစိတ် ဂရုပြုရမည် ဖြစ်သည်။

6. လူမှုရေး ပြဿနာများ၊ ဝန်ထုပ်ဝန်ပိုးများ၊ အကြမ်းဖက်မှုများနှင့် အလွဲသုံးစားပြုမှုများအပေါ် အထောက်အပံ့များ၊ အထူးသဖြင့် အမျိုးသမီးများ၊ ကလေးငယ်များ၊ မသန်စွမ်းနှင့် လိင်စိတ်ခံယူမှု ကွဲပြားသူ အစုအဖွဲ့များအပေါ် အထောက်အပံ့များကို လျှော့ချမှု မပြုပါနှင့်။

ကိုဗစ်-၁၉ ကပ်ရောဂါပြန့်ပွားမှုကဲ့သို့ အကြပ်အတည်းကာလမျိုးအတွင်း လိုအပ်သော အရင်းအမြစ် အများ အပြားသည် ကပ်ရောဂါနှင့် ဆက်စပ်သည့် လတ်တလော လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာ ဖြေရှင်းဆောင်ရွက်မှုများသို့ ဦးတည်ပြောင်းလဲသွားလေ့ ရှိသည်။ ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ချက်များဖြစ်သော ရောဂါထိန်းချုပ်မှု ဖိအားများ၊ စိတ်ပေါင်းကိုယ်ခွာ လူမှုဆက်ဆံရေးနှင့် လူမှုရေး၊ စီးပွားရေး စိန်ခေါ်မှုများသည် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ မသန်စွမ်းများ၊ လိင်စိတ်ခံယူမှု ကွဲပြားသူ လူမှုအသိုက်အဝန်းများကို ကျား/မ အခြေပြု အကြမ်းဖက်မှု သို့မဟုတ် အလွဲသုံးစား ပြုမှုများကို ထိခိုက်ခံစားရစေပြီး အကြမ်းဖက်မှုအန္တရာယ် ခံရနိုင်ခြေ အလွန်မြင့်မားစေသည်။ ကျား/မ အခြေပြု အကြမ်းဖက်မှုများ၊ ရင်းနှီးသော လက်တွဲဖော်/လုပ်ဖော်ကိုင်ဖက်မှ ကျူးလွန်သော အကြမ်းဖက်မှုများ သို့မဟုတ်

အလွဲသုံးစား ပြုမှုများအတွက် စဉ်ဆက်မပြတ် ဂရုစိုက်စောင့်ရှောက်ခြင်းသည် လွန်စွာ အရေးပါသည်။ ဤအချက် သည် ကိုဗစ်-၁၉ လုံခြုံရေး စီမံချက်များသည် ပုံမှန်မွမ်းမံပြင်ဆင်ခြင်းနှင့် အသိပေးဖြန့်ဝေခြင်းများ ပြုလုပ်ရန် ရည်ညွှန်းလျှက်ရှိသည်။ ထို့ပြင် ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် မွေးကင်းစ ကလေးငယ်၊ မိခင်များကို ဤအကြပ်အတည်းကာလအတွင်း စဉ်ဆက်မပြတ် ဂရုစိုက် စောင့်ရှောက်သွားရန်လိုအပ်သည်။

ထိုနည်းတူ ရောဂါထိန်းချုပ်ရန် ကိုယ်တိုင် သီးခြားနေထိုင်မှု အပေါ် ထင်မြင်ယူဆချက်များ၊ စိတ်ပေါင်းကိုယ်ခွာ လူမှုဆက်ဆံရေးနှင့် အမျိုးသမီးများအပေါ် အလုပ်ဝန်နှင့် ဖိအားများ ပိုမိုစေသည့် ခေတ်ခြေအနေနှင့် မကိုက်ညီသော၊ ကပ်ဘေးကာလအတွင်း အမျိုးသမီးများနှင့် ကလေးသူငယ်များ ခံစားရသော အိမ်တွင်း အလွဲသုံးစားပြုမှုများ [domestic abuse against women and children seen during other pandemics](domestic abuse against women and children seen during other pandemics) ကို မဖြေရှင်း နိုင်သော စီမံချက်များသည် မလိုလားအပ်သော ထိခိုက်နစ်နာမှုများကို ဖြစ်စေနိုင်သည့် အန္တရာယ် အလွန် မြင့်မားသည်။ တုံ့ပြန်ဖြေရှင်းမှုများနှင့် လုပ်ငန်းဆောင်ရွက်မှုများသည် အမျိုးသမီးများ၏ အသံကို ထည့်သွင်းပါဝင်စေခြင်း inclusive of women's voices သည် အခြေခံအနိမ့်ဆုံး လိုအပ်ချက် ဖြစ်သည်။

## RAFT အဖွဲ့အစည်း

ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ ပြည်တွင်းပြည်ပ လုပ်ရှားဆောင်ရွက်သူ အဖွဲ့အစည်းများအကြား ၎င်းတို့၏ လုပ်ငန်းများမှ မလိုလားအပ်သော ပိုင်းခြားမှုများနှင့် တင်းမာမှုများတိုးပွားလာမှု မဖြစ်ပေါ်စေဘဲ ပူးပေါင်းပါဝင်ခြင်း၊ တည်ငြိမ်အေးချမ်းမှုနှင့် အပြုသဘောဆောင် ပြောင်းလဲမှုများကို ထိရောက်စွာ အားပေးထောက်ပံ့ပေးနိုင်စေရန်အတွက် လေ့လာသင်ယူနိုင်မှုနှင့် စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ရန် ဖြစ်သည်။

**RAFT** အဖွဲ့အစည်း၏ လုပ်ငန်းများနှင့် ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများအကြောင်း ပိုမိုသိရှိလိုပါက ရခိုင်ဒေသအတွင်း စုံစမ်းမေးမြန်းချက်များကို ksimbulan@raftmyanmar.org သို့လည်းကောင်း အခြားသော နိုင်ငံတွင်း ဒေသများ အတွက် စုံစမ်းမေးမြန်းချက်များကို apadilla@raftmyanmar.org သို့လည်းကောင်း ဆက်သွယ်ပေးပို့ မေးမြန်းနိုင်ပါ သည်။ သင်တို့၏ ကိုဗစ်-၁၉ တုံ့ပြန်ဖြေရှင်းမှုများကို ပဋိပက္ခ နိုးကြားသိမြင်စွာ ဆောင်ရွက်နိုင်စေရန်အတွက် မေးခွန်းများ ရှိပါက အချိန်မရွေး ဆက်သွယ်မေးမြန်းနိုင်ပါသည်။

RAFT

**Glossary**

Issue - အရေးကိစ္စ

Conflict - ပဋိပက္ခ

Problem - ပြဿနာ

Challenge - စိန်ခေါ်မှု

Conflict Sensitivity – ပဋိပက္ခ နိုးကြားသိမြင်ခြင်း / ပဋိပက္ခ၏ အကဲဆတ်မှုကို ထည့်သွင်းစဉ်းစားခြင်း

Crisis - အကြပ်အတည်း

Do No Harm - ထိခိုက် နာကျင်မှုကင်းစွာ ဆောင်ရွက်ရေး

Social Distancing - စိတ်ပေါင်းကိုယ်ခွာ လူမှုဆက်ဆံရေး

Risk - ဘေးအန္တရာယ် / ဆုံးရှုံးနိုင်မှု ရှိသော အခြေအနေ

Intervention - လုပ်ငန်းဆောင်ရွက်မှု

Implement - အကောင်အထည်ဖော် ဆောင်ရွက်

Implementation Agency - လုပ်ငန်းဆောင်ရွက်သည့်အဖွဲ့

Society - လူမှုဝန်းကျင်

Civil Society - အရပ်ဘက် လူမှုအဖွဲ့အစည်း

Perspective - ခံယူချက်အမြင်သဘောထား/ ခံယူချက်အမြင်

LGBTQI - လိင်စိတ်ခံယူမှု ကွဲပြားသူများ

Outbreak – ကပ်ရောဂါပြန့်ပွားမှု

Gender - ကျား/မ ရေးရာ

GBV - ကျား/မ အခြေပြု အကြမ်းဖက်မှု

Domestic Violence - အိမ်တွင်း အကြမ်းဖက်မှု

People with Disabilities - မသန်စွမ်း

Quarantine - ရောဂါထိန်းချုပ်မှု ကာလ/လုပ်ငန်း

Self-quarantine - ရောဂါထိန်းချုပ်ရန် ကိုယ်တိုင် သီးခြားနေထိုင်မှု